# ဝင်းဝကျေးရွာ

# သရက်ချောင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဝင်းဝ ကျေးရွာ၊ သရက်ချောင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ

**မာတိကာ**


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၄ |
| | **ဝင်းဝ ကျေးရွာ သယံဇာတပြမြေပုံ၊ သရက်ခေျာင်းမြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) ငါးလုပ်ငန်း | ၈ |
| | (ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၃ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၅ |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၂ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၄ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၅၆ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၅၈ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ် နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်း ဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင် သောနေရာ များမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက် အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်း ဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင် ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက် လက်ပံ့ပိုးမှုများရရှိ နိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်

တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက် မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထားဖော်ပြ ထားပါ သည်။

ဇန်နဝါရီလ ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဝင်း၀ ကျေးရွာ၊

သရက်ချောင်းမြို့နယ်

ဝင်းဝကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သရက်ချောင်းမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကျေးရွာသည် ထားဝယ်၊ မြိတ်ကားလမ်းပေါ်တွင် တည်ရှိ၍ အုပ်ချုပ်ရေးရုံးစိုက်ရာ သရက်ချောင်းမြို့နှင့် ခြောက်မိုင်ခန့် အကွာတွင် တည်ရှိပြီး ကျေးရွာမှာ မြေပြန့်ဖြစ်၍ လယ်ကွင်းများ၊ တောင်တန်းများနှင့် လှပသာယာသော ရွာလေးတစ်ရွာ ဖြစ်ပါသည်။

ရာသီဥတုအသင့်အတင့် ကောင်းမွန်သည်ဟု ဆိုနိုင်သည်။ကျေးရွာအနီးတွင် တောတောင်၊ ချောင်း မြောင်းများရှိသော်လည်း ရွာတည်နေရာမြေပြင်မှာ မြေပြန့်ဖြစ်သည်။ အဓိက အသက်မွေးဝမ်းကြောင်းလုပ် ငန်းများမှာ ရော်ဘာ စိုက်ပျိုးရေးလုပ်ငန်း၊ စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်းတို့ကို လုပ်ကိုင်ကြ သည်။ ဒေသ၏ တနှစ်ပျမ်းမျှမိုးရေချိန်မှာ ၉၀လက်မမှ ၁၁၀လက်မဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အသင့်အတင့် အထောက်အကူပြု ပါသည်။ ကျေးရွာသည် ကိုးသောင်းတောင် ခြေရင်းတွင်တည်ရှိပြီး ကုန်းမြင့်ပိုင်းတွင် တည်ရှိသောကြောင့် ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်ပါသည်။ အရှေ့ဘက်တွင် ဥတ္တူကျေးရွာ၊ အနောက်တောင်ဘက်တွင် မြိတ်-ထားဝယ်လမ်းမကြီး၊ မြောက်ဘက်တွင် ညောင်ဇင်ကျေးရွာ နှင့် တောင်ဘက်တွင် သင်းကျွန်းကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ လယ်မြေများသည် မိုးစပါးတစ်မျိုးတည်းကိုသာ အဓိကထားစိုက်ပျိုး ကြရသည်။ ကျေးရွာတွင် ဆည်များမရှိခြင်းကြောင့် နွေစပါးမစိုက်ပျိုးနိုင်ပါ။ ကျေးရွာ၏အရှေ့ဘက် ကိုးသောင်းတောင်တစ်လျှောက် တွင် ရာဘာနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးထားပြီးရာဘာမှာ ကျေးရွာ၏ အဓိကထုတ်ကုန်ဖြစ်သည်။ ကျန်နှစ်ရှည် ပင်များမှာ ကွမ်းသီး၊ ဒူးရင်း၊ ပိန္နဲစသည်တို့ဖြစ်သည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဝင်းဝကျေးရွာသည် ပူ၍မိုးများသော အပူပိုင်းမိုးသစ်တော ရာသီဥတုကျရောက် သည့် ဒေသအတွင်း တည်ရှိပါသည်။ သတ္တု၊ ကျောက်မျက်၊ ခဲ စသည့် သယံဇာတတွင်းထွက်များမှာ အလွန်ပင် ရှားပါးလှပါသည်။ ထိုသို့ သယံဇာတတွင်းထွက်များ မရှိသဖြင့် ကျေးရွာရှိ အိမ်ထောင်စု တစ်စုချင်းစီ၏ ဝင်ငွေဖွံ့ဖြိုးတိုးတက်မှု အပိုင်းတွင် အစစအရာရာ နှောင့်နှေး နေပါသည်။ ကျေးရွာရှိ လယ်မြေများမှာ မြေ ဆီ၊ မြေသွေး ညံ့ဖျင်းမှုကြောင့် သီးနှံထွက်နှုန်းနိမ့်ကျ လျက်ရှိသည်။ မိုးရေတစ်မျိုးတည်းကိုသာ အားကိုး စိုက်ပျိုး နေရပြီး၊ နွေရာသီတွင် မစိုက်ပျိုးနိုင်ပါ။ မြေအောက်ရေ အသုံးပြုမှု နည်းပါးသည်။ မိုးရာသီတွင် ထွန်ယက်စိုက်ပျိုးနိုင်သော လယ်မြေဧက (၉၀)ခန့် ရှိပြီး၊ ထိုလယ်မြေထဲမှ အချို့သည် ကုန်းမြင့်တွင် ရှိပြီး ရေမတင်ခြင်းကြောင့် စပါးစိုက်ပျိုး၍မရပေ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဝင်း၀ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (**၂၂၀**) အိမ်ရှိပြီး လူဦးရေပေါင်း (**၁၀၁၇**)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅.၈၀)ဦးနှုန်း ရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် များပြားနေပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ;နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ ၆၈.၆၃%ခန့် ရှိသဖြင့် လူသားအရင်းအမြစ် ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင် သောအရွယ်ရှိ အမျိုးသားဦးရေနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖ အဖွဲ့၊ ဂေါပကအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ နာရေးကူညီမှုအသင်း၊ မိန်းမကြီးအဖွဲ့၊ ကာလသား ကာလ သမီးအဖွဲ့၊ ကျောင်းအကျိုးတော် ဆောင်အဖွဲ့ စသည်တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများဖြစ်သော World Vision အဖွဲ့ အစည်းသည် ကျေးရွာသူ/သားများ၏ ငွေကြေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများအတွက် လိုအပ်သော ပံပိုးမှုများကို ဆောင်ရွက်ပေးနေပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ဆောင်ပေးလျက် ရှိပါသည်။ ကျန်ရှိသော ကဏ္ဍများပါ တိုးတက်လာစေရန်အတွက် အခြားသော သက်ဆိုင်ရာအဖွဲ့အစည်း များနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ဝင်း၀ ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၃၉၈) ဧက၊ ဥယျာဉ်ခြံမြေ (၅၅၀) ဧကနှင့် ဓနိတောမြေ (၂၀) ဧက စုစုပေါင်း (၈၇၀) ဧက ရှိပါသည်။ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (**၅၅**) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (**၁၆၅**) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (**၂၄၀**) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (**၁၁၀**) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးသီးနှံကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (၂၃.၈၈%) ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြ ပါသည်။

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၆၆.၉၃% သည် ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုအဖြစ် ခံယူကြပြီး ၀.၇၈%

သည်ချမ်းသာ သည့်အဆင့်၊ ၃၂.၂၈% သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ဆည်ရေနှင့် မြေအောက်ရေတို့ကို အသုံးပြုနိုင်မှုမရှိသဖြင့် နွေစပါးကို မစိုက်ပျိုးနိုင်ပါ။ လယ်မြေများတွင် ပိုးမွှားအန္တရာယ်များ ကျရောက်သောကြောင့် သီးနှံများဆုံးရှုံးခြင်းကြောင့် ဝင်ငွေနိမ့်ရခြင်းဖြစ်သည်။ ရာဘာစိုက်သောတောင်သူများမှာလည်း ရာဘာဈေးကျဆင်းမှုကြောင့် ဝင်ငွေနိမ့်ကျကာ အချို့ရာဘာခြံများမှာ ရာဘာမလှီးဘဲ ရပ်နားထားကြရသည်။ အခြားအိမ်ထောင် စုများသည် ပန်းရံ၊ လက်သမား၊ စက်ပြင် စသော အသေးစား လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လျက် ရှိကြသည်။ ငွေတိုးချေးသော အိမ်ထောင်စုနှင့် အစိုးရဝန်ထမ်း အချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။

ကျေးရွာရှိ အိမ်ထောင်စုပေါင်း၏ ၆၆.၉၃% သည် ဆင်းရဲသည့် အဆင့်(၃)နှင့်(၄) အိမ်ထောင်စုများ ဖြစ်ကြ၍ ဝင်ငွေရရှိမှုနိမ့်ကျပြီး မြေယာမဲ့တောင်သူများလည်း ပါဝင်ကြသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသောရွာတစ်ရွာ ဖြစ်သော်လည်း ရွာ၏ဝမ်းစာဖူလုံမှုအတွက်သာ စိုက်ပျိုးနိုင်ပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းသော်လည်း၊ ဈေးကောင်း မရရှိခြင်း၊မြေဆီလွှာမကောင်းခြင်း၊ သီးနှံပိုးမွှားရောဂါကျရောက်ခြင်းများရှိနေပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၄၅) တင်းသာ ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (**၈**) စီးရှိပြီး မြက်ရိတ်စက် (**၂၅၀** ) လုံး ရှိပါသည်။ ကိုယ်ပိုင်စက် ကိရိယာမရှိသူများက ငှားရမ်းလုပ်ကိုင်ကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများကိုလည်း မြို့နှင့် အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက် နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများ မှတဆင့်ရောင်း ချနိုင်ကြပါသည်။သီးနှံမျိုးစေ့မှာဒေသမျိုးတစ်ခုကိုသာ သုံးစွဲနေပါသည်။ စိုက်ပျိုးမြေများတွင် မြေဆီလွှာပျက်စီးခြင်း၊ပိုးမွှားရောဂါကျရောက်ခြင်း၊ စိုက်ပျိုးမြေ မတိုးချဲ့နိုင်ခြင်း၊ လယ်ယာသုံးစက် ကိရိယာများ မလုံလောက်ခြင်းများရှိနေပါသည်။ ဥယျာဉ်ခြံ စိုက်ပျိုးသူများ အတွက် ချေးငွေမရရှိနိုင်ခြင်း စသည်တို့ရှိသည့်အတွက် စိုက်ပျိုးရေးနည်းပညာပေးသင်တန်း၊ ပိုးမွှားရောဂါကာကွယ်ရေး နှင့် သက်ဆိုင်သည့် သင်တန်း၊ ကာလရှည်ချေးငွေများ လိုအပ်နေပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ဝင်းဝကျေးရွာတွင် အိမ်ထောင်စု (၄၀) အိမ်မှ ကြက် (၅၀၀၀) ကောင်ဖြင့် စီးပွားဖြစ် မွေးမြူသည့် အိမ်ထောင်စုတစ်စုသာ ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများဖြစ်ကြ ပါသည်။ ရေငန်ငါးဖမ်းခြင်း လုပ်ကိုင်နေသည့် အိမ်ထောင်စုများလည်းရှိပါသည်။

စပ်မျိုးဝက်များကို မွေးမြူမည့်သူများရှိသော်လည်း အစာရေ စာရရှိနိုင်မှု မလုံလောက်ခြင်း၊ ဝက်သားပေါက်ဝယ်ယူမှု စရိတ်ကြီးမားခြင်း စသည်တို့ကြောင့် မွေးမြူသူဦးရေမှာ အလွန်ပင်နည်းပါး ပါသည်။ ထို့အပြင် တိရိစ္ဆာန်ရောဂါ ကျရောက်မှုနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ သိရှိမှုများအားနည်းပြီး မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်မရရှိပေ။ စီးပွားဖြစ်မွေးမြူးရေး လုပ်ငန်းလုပ်ကိုင် မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

### (ဂ) ငါးလုပ်ငန်း

ဝင်းဝ ကျေးရွာမှ အိမ်ထောင်စုများသည် ကျေးရွာအနောက်ဘက်တွင် စီးဆင်းနေ သော မြစ်အတွင်းတွင် ဖောင်၊ စန္နားများဖြင့် ကမ်းနီးငါးဖမ်းလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။ ထိုငါးဖမ်းလုပ်ငန်းမှ သားငါးများသည် ကျေးရွာ၏စားနပ်ရိက္ခာဖူလုံမှု အတွက်သာရရှိပြီး အခြားနေရာများသို့ တင်ပို့ရောင်းချနိုင်ခြင်း မရှိပါ။

### (ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ဝင်းဝ ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ ဈေးရောင်း၊ လက်ဖက်ရည်ဆိုင်၊ စက်ချုပ်၊ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စပါးစိုက်၊ စပါး ရိတ်စသည့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်ကြပါသည်။ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်သည် ဆန်၊ စပါးကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ ကုန်စည် များ သယ်ယူပို့ဆောင်စရိတ်ကြီးမားသောကြောင့် အသားတင် အမြတ်ငွေ နည်းပါးပါသည်။ ထို့ကြောင့် ဆန်စပါးများရောင်းချလိုသည့်အခါ အခြားနီးစပ်ရာ ကျေးရွာများရှိ ဆန်ကုန်သည်များနှင့် ရောင်းချ နေကြရပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေများပြားခြင်းသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာ ကောင်းတရပ်ဖြစ်သည်။ အပ်ချုပ်၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်းနှင့် အသံချဲ့စက်ငှားရမ်းခြင်း စသောအလုပ်များရှိသည်။ ငွေကြေး

အဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်နှင့်စက်ပြင်သင်တန်းများကို ငွေကြေး ကုန်ကျခံကာ မြို့ပေါ်တွင် သွားရောက်သင်ကြားကြသည်။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဝင်း၀ ကျေးရွာတွင် လယ်ယာမြေလုပ်ကိုင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ထုတ်ချေးငွေများလည်း ရှိပါသည်။ အဖွဲ့လိုက် ငွေစုငွေချေး အစီအစဉ်၊ ငွေချေး ပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိကအား ဖြင့် ဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၁၀%) ဖြစ်ပြီး အပေါင်ခံပစ္စည်း အနည်းငယ် လိုအပ်ပါသည်။ ပိုင်ဆိုင်မှုမရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူ အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် လိုအပ်သော်လည်း အထူး သဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ ထိုကြောင့် အစိုးရဘဏ်/ ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်း သက်သာစွာဖြင့် ကာလရှည်ချေးငွေများ ထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စများအတွက် မှီခိုအဆင်ပြေနိုင်ပါသည်။

## ၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာကို ဖြတ်သွားသော ထားဝယ်-မြိတ်လမ်းမှာ ၂၀၁၄ခုနှစ်တွင် (၁၈)ပေအထိ တိုးချဲ့ ဖောက်လုပ်ခဲ့သည်။ ကျေးရွာအတွင်းရှိ ချဉ်းကပ်လမ်းမှာ ၂၀၁၈ခုနှစ်တွင် (၁၂)ပေ အကျယ် ကွန်ကရစ် လမ်းကိုကျေးလက်ဦးစီးဌာနမှကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ခင်းပေးခဲ့သည်။ ရွာအတွင်းရှိ ကျန်လမ်း များအားလုံးမှာ မြေသားလမ်းများသာဖြစ်ကြပြီး မိုးရာသီတွင် ဗွက်အိုင်များသဖြင့် သွားလာရ ခက်ခဲ သည်။ သယ်ယူ ပို့ဆောင်ရေးတွင် စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီး၊ ထော်လာဂျီနှင့် ကုန်တင်ကားတို့ကို အသုံးပြု လျက်ရှိသည်။ ရွာတွင်းရှိမြေသားလမ်းအရှည်မှာ ပေ(၄၄၀၀)နီးပါးရှိပြီး ကတ္တရာ (သို့) ကွန်ကရစ် ခင်းပေးရန် လိုအပ်နေပါသည်။

## (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာရှိ လျှပ်စစ်မီးကို ၂၀၀၈ခုနှစ်၌ PTC လျှပ်စစ်ဝန်ဆောင်မှု ကုမ္ပဏီမှ စတင်ပြီး (၂၄) နာရီ ဓာတ်အားဖြန့်ဖြူးပေးခဲ့သည်။ ထိုနောက် ၂၀၁၆ခုနှစ်အစောပိုင်းတွင် DDPC ကုမ္ပဏီမှ လွှဲပြောင်း တာဝန်ယူခဲ့ပြီး ယခုလက်ရှိတွင် တစ်ယူနစ် ၂၀၀ကျပ်နှုန်းဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည်။ လျှပ်စစ်မီး ရရှိပါက ကျေးရွာအတွင်း ကျောင်းသား/သူများ၏ ပညာရေးကဏ္ဍ တိုးတက် မြင့်မားလာခြင်း၊ လုံခြုံမှု ပိုမိုကောင်းမွန်လာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီချက်ပြုတ်နိုင်ခြင်း

များဆောင်ရွက်နိုင်သော်လည်း လက်ရှိသုံးစွဲနေရသော လျှပ်စစ်ဈေးနှုန်းမှာ အလွန်မြင့်မားနေသောကြောင့် အသေးစား၊ အလတ်စား လုပ်ငန်းရှင်များအတွက် ကုန်ထုတ်လုပ်မှုစရိတ် မြင့်မားနေရပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ဝင်းဝကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (**၂၅၀၀**) လုံး၊ ရေဒီယို (**၃၅**) လုံး၊ တီဗွီ (**၆၀၅**) လုံး၊ ဂြိုလ်တုစလောင်း **(၆၀၅)** လုံး စသည်တို့မှ ရရှိသည့်အပြင် ကျေးရွာအတွင်းတွင်တာဝါတိုင်ရှိသည့်အတွက် ဖုန်းဖြင့်သတင်းနှင့်အချက်အလက်များကို အချိန်နှင့်တပြေးညီ လွယ်ကူစွာချိတ်ဆက် အသုံးပြုနိုင်သည်။ ကျေးရွာတွင် ဆက်သွယ်ရေးကောင်းမွန်သောကြောင့် ဈေးကွက်နှင့် အခြားလုပ်ငန်းများအတွက် လွယ်ကူချောမွေ့စွာ အသုံးပြုနိုင်သည်။ အင်တာနက်လိုင်းများရှိသော်လည်း လူငယ်များသည် စာပေဗဟုသုတများ ဖတ်ရှုလေ့လာမှု အားနည်းနေပါသဖြင့် ကျေးရွာတွင် စာကြည့်တိုက် ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

**၆။ ပညာရေး**

ဝင်းဝကျေးရွာပိုင် မူလတန်းကျောင်းတွင် ပညာသင်ကြားနိုင်ပြီး နီးစပ်ရာ ပိန်းတောကျေးရွာတွင် အလယ်တန်းနှင့် အထက်တန်းအဆင့်များကို ဆက်လက် ပညာသင်ယူနိုင်ပါ သည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူများလည်း ရာခိုင်နှုန်းအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် အသက်ကြီးပိုင်း စာမတတ်သူတစ်ချို့ရှိပါသည်။ ဘွဲ့ရသူဦးရေ ပျမ်းမျှ(၈၀) ဦးအထိ ရှိနေပြီဖြစ်သည်။ မူလတန်းပညာပြီးမြောက်မှုမှာ ကျေးရွာရှိ စုစုပေါင်း လူဦး ရေ၏ (၄၉.၃၅%)၊ အလယ်တန်းပညာပြီးမြောက်မှုမှာ (၂၇.၇၆%) ရှိပြီး၊ အထက်တန်းပညာပြီး မြောက်မှုတွင် သိသာစွာလျော့နည်းလာပါသည်။ သို့သော်လည်း ယခင်ကာလများနှင့် နှိုင်းစာ လျှင် ဘွဲ့ရဦးရေ များပြားလာသည်ဟုဆိုနိုင်ပါသည်။ ကျောင်းသား/သူများ လုံခြုံစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းခြံစည်းရိုးကာရံရန် လိုအပ်နေပါသည်။

ဝင်းဝကျေးရွာတွင် ယခုလက်ရှိ ပညာသင်ကြားနေသော လူဦးရေမှာ (၃၇) ဦးရှိပြီး ကျောင်းဆရာ/ဆရာမ လုံလောက်မှု ရှိပါသည်။ မူလတန်းကျောင်းထွက်နှုန်းမှာလည်း မရှိသလောက် နည်းပါးပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှု မရှိ သည့်အတွက် သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ရန်လိုအပ်နေပါသည်။မိဘဆရာအသင်း၏ပူးပေါင်းဆောင်ရွက်မှုမှာကောင်းမွန်ပါသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

ဝင်းဝကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ

ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။ ကျေးလက် ကျန်းမာရေး လည်းရှိပါသည်။ လျှပ်စစ်မီးရရှိသော ကျေးရွာဖြစ်သောကြောင့် လိုအပ်သော ဆေးများအတွက် ရေခဲသတ္တာသုံးပြီး သိုလှောင်ထားနိုင်သည်။

သောက်သုံးရေအတွက် လက်တူးတွင်းကို သုံးစွဲကြရသည်။ တစ်ရွာလုံးသည် ယင်လုံအိမ်သာ သုံးစွဲကြပြီး ရောဂါဖြစ်ပွားမှု နည်းပါးသည်။ စာသင်ကျောင်းရှိအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် အဆင်ပြေပါသည်။ရွာလုံးကျွတ် သန့်ရှင်းသော အိမ်သာသုံးစွဲမှုရှိပြီး ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သော အနေဖြင့် ကျေးရွာသူ/သား များအတွက် ဝမ်းရောဂါနှင့် ပတ်သက်သောရောဂါများ၊ ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာ ပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိကြပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဝင်းဝကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှုမရှိပါ။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိမှုမရှိပါ။ အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာစွန့်ပစ်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပတ်သက်သည် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှ သာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် **ထိန်း**သိမ်းရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာ မည်ဖြစ်ပါ သည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဝင်းဝကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူပင် ဖြစ်သည်။ကျေးရွာရှိအဖွဲ့အစည်းများတွင်အမျိုးသမီးပါဝင်မှုနှုန်းမှာအလွန်ပင်နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင် လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချကေန်တိုးတက်ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာ ကျေးရွာ တွင် အမျိုးသမီးများ၏ တစ်နေ့ အနည်းဆုံး လုပ်အားခသည် (၅၀၀၀) ကျပ်ဖြစ်ပြီး အမျိုးသားများ ၏တစ်နေ့အနည်းဆုံး လုပ်အားခသည် (၇၀၀၀) ကျပ်ဖြစ်ပါသည်။ ထိုမတူညီသော လုပ်အားခများက အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီး များ၏ စိတ်ဓာတ် အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီး

ရေးရာအကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - မင်းဒပ် | | | ကျေးရွာအမည် - ဝင်းဝ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ခေါင်းဆောင်မှု၊ စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ ဟောပြောပွဲများ ပြုလုပ်ပေးခြင်း။ | |
| ၂ | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ကျေးရွာအုပ်ချုပ်ရေးမှူးရုံး (၃၀' x ၄၀') အသစ်ဆောက်လုပ်ခြင်း | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ သင်တန်းများ (ပိုး/မျိုး/မြေ) ရရှိနိုင်ရန် ချိတ်ဆက်တင်ပြခြင်း။ | |
| ၄ | စိုက်ပျိုးရေး | မျိုး | စပါး မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်းချိတ်ဆက်လုပ်ဆောင်ခြင်း။ ရရှိရန် / | |
| ၅ | စိုက်ပျိုးရေး | စက်ကိရိယာ | စက်ကိရိယာများ လုံလောက်စွာ ငှားရမ်းခွင့်ရရန် ချိတ်ဆက်ခြင်း။ | |
| ၆ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ကွန်ပျူတာ၊ ဝပ်ရှော့၊) အပ်ချုပ်စက်၊ ဆိုင်ကယ်ပြင်၊ ဆံပင်ညှပ်၊ စသည် (ပြုလုပ်ပေးခြင်း။ | |

| ကျေးရွာအုပ်စုအမည် - မင်းဒပ် | | | ကျေးရွာအမည် - ဝင်းဝ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၇ | ငွေကြေး | အသေးစား | အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ ရရှိရန် ချိတ်ဆက်ခြင်း (စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိုက်မွေးမဟုတ်( | |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | စာသင်ကျောင်းဆောင် ဝရံတာ ပြုလုပ်ခြင်း ၅၂)'x ၈') | |
| ၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းခြံစည်းရိုး (၁၇၈'x ၅') အား အုတ်တံတိုင်း ကာရန်ခြင်း။ | |
| ၁၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းဆောင် ၆၀)'x ၃၀') အား အမိုး လဲလှယ်ခြင်း။ | |
| ၁၁ | ပညာရေး | | ဆရာဆရာမ/ ရုံးခန်း ဆောက်လုပ်ခြင်း ၁၈)'x ၁၆'x ၁၂')။ | |
| ၁၂ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကျောင်းသုံး ရေစင် တစ်စင် ဆောက်လုပ်ခြင်း ၈)'x ၈'x ၁၅') | |

| ကျေးရွာအုပ်စုအမည် - မင်းဒပ် | | | ကျေးရွာအမည် - ဝင်းဝ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | | သင်ထောက်ကူ | | |
| ၁၃ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းပရိဘောဂများ လုံလောက်စွာ ဖြည့်ဆည်းခြင်း။ | |
| ၁၄ | ကျန်းမာရေး | ကျေးလက် ကျန်းမာရေး ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း | ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စွာ ရရှိနိုင်ရန် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြခြင်း။ | |
| ၁၅ | ကျန်းမာရေး | ကျန်းမာရေး စောင့်ရှောက်မှု ဆိုင်ရာ လူမှုဝန်ဆောင်မှုများ၊ ကျန်းမာရေး၊ ကယ်ဆယ်ရေး၊ လူမှုရေး ဝန်ဆောင်မှုများ၊ လူနာတင်ကား စသည် | အရေးပေါ် လူနာတင်ကား ရရှိရန် စုပေါင်း လုပ်ဆောင်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် - မင်းဒပ် | | | ကျေးရွာအမည် - ဝင်းဝ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁၆ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊<br>ကျောင်းကျန်းမာရေး | ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်း။ | |
| ၁၇ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာအဝင်လမ်း (၄၅၀') အား မြင့်တင်ခြင်းနှင့် ကွန်ကရစ်လမ်း ခင်းခြင်း။ | |
| ၁၈ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်း (၄၄၀၀'x ၁၂'x ၈') အား ကျောက်ချောလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၉ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ရန်တောင်ဥတ္တမ- ကျေးရွာချင်းဆက်လမ်း ) ) အား ကျောက်ချောလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၀ | လူငယ်နှင့် အားကစား | လူငယ့်အခွင့်အလမ်း | လူငယ်များအတွက် ခေါင်းဆောင်မှုနှင့် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများ ပြုလုပ်ခြင်း။ | |

နောက်ဆက်တွဲ (၁)

# ညောင်ဇင် ကျေးရွာ၊ ညောင်ဇင် ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသန်းဦး | - | - | ၅၀ | နာယက | |
| ၂ | ဦးစံညွန့် | - | ၆/သရခ (နိုင်) ဝ၁၅၈၂ဝ | ၆ဝ | ဥက္ကဋ္ဌ | 09-455835537 |
| ၃ | ဦးသန်းရွှေ | - | ၆/သရခ (နိုင်) ဝ၄၆၉၆၇ | ၅၆ | အတွင်းရေးမှူး | 09-776695767 |
| ၄ | ဒေါ်ဇင်ပွင့်ဖြူ | - | ၆/သရခ (နိုင်) ၁ဝ၃၄၉၉ | ၂၂ | ဘဏ္ဍာရေးမှူး | 09-975078963 |
| ၅ | ဒေါ်သိန်းသိန်းယု | - | | ၂၈ | စာရင်းကိုင် | |
| ၆ | ဒေါ်စောစောမူ | - | | ၂၅ | စာရင်းစစ် | - |
| ၇ | ဦးမောင်လွင် | - | | ၄၇ | အဖွဲ့ဝင် | - |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆၃ | ၈၆ | ၁၄၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၂၂ | ၁၂၅ | ၂၄၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၉၅ | ၁၅၅ | ၃၅၀ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၅၅ | ၁၈၅ | ၃၄၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၁၅၇ | ၁၀၇၂ | ၂၂၂၉ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၅ | ၃၈ | ၆၃ |
| **စုစုပေါင်း** | | **၁၇၁၇** | **၁၆၆၁** | **၅၈၅၄** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၀၃၅** | | |

**ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ဝင်းဝကျေးရွာတွင် အိမ်ထောင်စုပေါင်း (၆၂၉) အိမ်ရှိပြီး လူဦးရေပေါင်း(၃၃၇၈) ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၄.၄၁%)၊ ၅နှစ်အောက် ကလေးအရွယ် (၇.၃၁%)၊ မူလတန်းကျောင်းသားအရွယ် (၁၈.၁၆%)၊ အလယ်တန်းကျောင်းသားအရွယ် (၇.၄၅%)၊ သက်ကြီးရွယ်ကြီးအရွယ်(၁.၈၆%)ရှိပါသည်။ ပျမ်းမျှအနေဖြင့်အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏(၆၅.၉၈%) နှင့် အလုပ်လုပ်နိုင်သည့် အရွယ်ကျား(၁၁၅၇)ဦး ၊မ(၁၀၇၂)ဦး စုစုပေါင်း(၂၂၂၉)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏(၆၈.၆%)ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၈၀)ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် ကျော်လွန်နေပါသည်။**

သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားမှု ကြောင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀၀ | ၁၅၀ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄၄ | ၅၄ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |

| စဥ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၀ | ၇၅ | ၀ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁၀ | ၀ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကို သာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅၀ | ၁၀၉ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၂၅၀ | ၃၉၉ | ၀ | ☒ |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**

။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံ

**ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင် လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါ လုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။ ညောင်ဇင် ကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်အဓိက ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ အိမ်ထောင်စုများပြားပါသည်။ ရေလုပ်ငန်း(လုပ်သား)နှင့်ပတ်သက်၍ လုပ်ကိုင်သော အိမ်ထောင်စု(၄၄)အိမ်ရှိပြီး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ (၅၀)လောက်အိမ် ရှိပါသည်။ အခြားအိမ်ထောင်စုများမှာ အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ၊ ပန်းရံ လုပ်သား များ၊ ကုမ္ပဏီတွင်လုပ်ကိုင်သူများ၊ ပညာရေး ဝန်ထမ်း များအဖြစ် လုပ်ကိုင်နေကြပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်လျက်ရှိပါသည်။**

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၄၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | - | ၉၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။ ။ ဝင်းဝ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး (လယ်) လုပ်ငန်းတွင် နေ့စားပုတ်ပြတ်အလုပ်လုပ်သူ ပိုမိုများပြားပါသည်။ တစ်နေ့တွင် အမျိုးသား(၇,၀၀၀)၊ အမျိုးသမီး (၅,၅၀၀)ကျပ်ရရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများအနေဖြင့် ပန်းရံလုပ်ကိုင်သူများတွင် အမျိုးသား(၁၅,၀၀၀)ကျပ်၊ အမျိုးသမီးများလုပ်ကိုင်ခြင်းမရှိကြပါ၊ အနည်းဆုံး အမျိုးသား(၉,၀၀၀) ကျပ် စသည်ဖြင့် ရရှိပါသည်။**

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| **လယ်မြေ** | **၃၀၀.၀၀** | ကောင်း ☐ သင့်☐ ညံ့ ☑ |
| **ယာမြေ / တောင်ယာမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | **၅၅၀.၀၁** | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | **၂၀** | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **စားကျက်မြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ် မြေလပ်** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၈၇၀** | ☒ |

**ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု**

အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးမြေအများစုမှာ လယ်မြေများဖြစ်ပြီး မြေဆီလွှာအရည်အသွေး ညံ့သည့် အခြေအနေတွင်ရှိပါသည်။ စိုက်ပျိုးမြေများသို့ ဆားငန်ရေဝင်ရောက်မှုရှိသည့်အတွက် မြေဆီလွှာပျက်စီးခြင်း များကြုံတွေ့နေရပါသည်။ ပိုးမွှားရောဂါကျရောက်မှုရှိသည့်အတွက် စိုက်ပျိုး ရေးနှင့်ပတ်သက်သော နည်းပညာ ပေးသင်တန်းများပို့ချပေးရန်လိုအပ်နေပါသည်။ ကွမ်းသီးနှင့် ရာသီစာ သီးနှံ(အပင်နု)များ၊ ရော်ဘာပင်များကို လည်းတစ်ပိုင်တစ်နိုင်စိုက်ပျိုးကြ ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| **သတ္တုနှင့် အခြားတွင်းထွက် သယံ ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)** | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| **ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ** | များ☐ သင့်☐ နည်း☐ မရှိ☐ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| **သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်မျ ား)** | များ☐ သင့်☑ နည်း☐ မရှိ☐ | လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| **သဘာဝ တိရစ္ဆာန်မျိုးစိတ်များ** | များ☐ သင့်☐ နည်း☐ မရှိ☑ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဝင်းဝကျေးရွာတွင်သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ ၊ကျောက်၊ သဲ၊ ကျောက်စရစ်စသည့် ထုတ်လုပ်မှုများမရှိသည့်အတွက် အခြားကျေးရွာများမှဝယ်ယူ နေရပြီး သဘာဝအပင် မျိုးစိတ်များ၊ ဘဘာဝတိရိစ္ဆာန်မျိုးစိတ်များ အသင့်တင့်ရှိသော်လည်း လွယ်ကူစွာ ရှာဖွေနိုင်နိုင်ပါသည်။

(ဃ)  ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၀၀ | ၃၀၀ | ၂၀၀ | ၂၉ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဝင်းဝ ကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏(၁၀၀)အိမ်ခန့်သည် အဆင်ပြေသောအိမ်ထောင်စုများဖြစ်ကြပြီး အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ (၃၀၀)အိမ်ရှိသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်း စသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၂၉)အိမ် မှာ မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများ ရှိနေပါသည်။

(င)  ထိခိုက်လွယ်မှု

(င-၁)  ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် | ၁၀၀ | အခြားအစာပြောင်းလဲစား= ____________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ဝမ်းစာဖူလုံမှု | | အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = _____☑_____<br>လုပ်အားခကြိုယူ = ____________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၁၀၀ | အခြားအစာပြောင်းလဲစား= ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = _____☑______<br>လုပ်အားခကြိုယူ = _____☑______ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၂၂၆ | အခြားအစာပြောင်းလဲစား= ____________<br>အစာလျှော့စား = ____________<br>အထောက်အပံယူ = ____________<br>ချေးယူ = _____☑______<br>လုပ်အားခကြိုယူ = ____☑______ |
| | | |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဝင်းဝကျေးရွာတွင် ၃လမှ ၁၂လ အထိဝမ်းစာဖူလုံသော အိမ်ထောင်များသာရှိပြီး မိသားစု အခက်အခဲများကို ချေးယူပြီးဖြေရှင်းခဲ့ကြပါသည်။ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး(၂)နပ်စားနိုင်သော အိမ်ထောင်စုများရှိသောလည်း ချေးငှားပြီး စား သောက်ကြပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် | ၅၀ | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်<br>နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဝင်းဝကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများ မရှိပါ။ထိခိုက်သက်ရောက်မှုအခြေအနေများဖြစ်ပေါ်လာပါက အန္တရာယ်မရှိနိုင်ပါ။ဆင်းရဲ၍ မိသားစုဦးရေ များသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စုမှာ(၅၀)အိမ်ရှိပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၇ | လျှော | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်၊ ။ ညောင်ဇင်ကျေးရွာတွင် သဘာဝအရင်းအမြစ်ထွက်ရှိမှုရှားပါးပါသည်။ သဘာဝ အရင်းအမြစ်စိုက်ပျိုးမြေတိုးချဲ့နိုင်ခြင်းမရှိပါ။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊မုန်တိုင်းကျ ရောက်ခြင်း၊ လျှောင်လူပ်ခြင်း၊ မြေပြိုခြင်းများမရှိသော်လည်း သစ်တောပြုန်းတီးခြင်း၊ ဆားငန်ရေဝင် ရောက်ခြင်းအနည်းငယ် ရှိပါသည်။ ငှက်ဖျားရောဂါ၊ တီဘွီရောဂါနှင့် ကိုယ်ခံအားကျဆင်းမှုရောဂါများ အနည်းငယ်ရှိပါသည်။ တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှု မရှိပါ လူကုန်ကူးခြင်းနှင့် လမ်းပန်းဆက် သွယ်ရေး ခက်ခဲခြင်းများ မရှိပေ။

(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဝင်းဝကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပြီး၊ သဘာဝ အရင်းအမြစ်များရှားပါးသဖြင့် မြေယာမဲ့ဆင်းရဲသားတောင်သူများမှာ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အခြေအနေမျိုးတွင်ရှိပါသည်။ ရန်တောင်ကျေးရွာတွင် နေထိုင်သည့် အိမ်ထောင်စု အချို့နှင့် ရွှေ့ပြောင်း လုပ်သားများ၊ လက်လုပ်လက်စား ကျပန်းလုပ်သားများ၊ နေရပ်ပြန်အခြေချ သူများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းသူများမှာ ထိခိုက်သက်ရောက်ခံရနိုင်မှု အနည်းငယ်ရှိ နိုင်ပါသည်။ ဆေးသုံးစွဲသူ လူငယ်များ အနည်းအငယ်ရှိ၍လုပ်အားအရစ်အမြစ်ရှားပါးမှု အခက် အခဲမျာ ဖြစ်နေပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး | ၁☐ ၂☑ ၃☐ | ၅ | ၂ | ၇ | ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ၂ | ရပ်မိ/ဖအဖွဲ့နှ ဂေါပကအဖွဲ့ | ၁☐ ၂☑ ၃☐ | ၅ | - | ၅ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☑ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ၃ | **ဘာသာရေးအဖွဲ့** | ၁☑ ၂☐ ၃☐ | ၅ | - | ၅ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
